**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**
**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**
**ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ မေလ ၁၉ ရက်၊ ၂၀၁၄**

**ဧရာဝတီတိုင်းဒေသကြီး အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ**

| အမျိုးအစား | တက်ရောက်လာကြသူများထံမှ အကြံပြုချက်များ | မှတ်ချက် |
|---|---|---|
| အကြောင်းအရာ | အဓိက ဦးစားပေးကို ၂ ခုမဟုတ်ဘဲ ၄ ခုရွေးချယ်ခဲ့သည်။ ပထမ ဦးစားပေးမှာ **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု** ဖြစ်သည်။ စိုက်ပျိုးရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုများအား ပြောင်းလဲရန်အတွက် အဓိကအားဖြင့် အရည်အသွေးကောင်း မျိုးစေ့များ၊ နည်းပညာကောင်းများ ပံ့ပိုးပေးရန် လိုအပ်သည်။ ထို့အပြင် အခြေခံအဆောက်အအုံ ( ဆည်များ၊ ရေပေးရေး စနစ်များ၊ သီးနှံများ အခြောက်ခံရန် စက်ရုံများ၊ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများ အစရှိသဖြင့်) များ ပံ့ပိုးပေးရန် လိုအပ်သည်။<br><br>ဒုတိယ ဦးစားပေးမှာ **ဘဏ္ဍာငွေ ရရှိရေး**ဖြစ်သည်။ အထူးသဖြင့် အတိုးနှုန်း နည်းနည်းဖြင့် ရရှိရန်ဖြစ်သည်။<br><br>တတိယ ဦးစားပေးမှာ **ဈေးကွက်**ရရှိရေး ဖြစ်ပြီး စတုတ္ထ ဦးစားပေးမှာ **ကျန်းမာရေး** ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံ (အဆောက်အဦးများ) ၊ဆေးဝါး လုံလောက်စွာ ထောက်ပံ့ ပေးမှုနှင့် ကျန်းမာရေး ဝန်ထမ်းများ၏ အရည်အသွေးနှင့် အရေအတွက် တိုးချဲ့ပေးခြင်းကို ဆွေးနွေးခဲ့ကြသည်။<br><br>အာဟာရဓာတ် ချို့တဲ့မှု ပြဿနာကို ဦးစားပေး လုပ်ဆောင်ရန် လိုအပ် သည်။ | |
| | **လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို** အဓိက ဦးစားပေးအဖြစ် ထားရှိ ရန် သဘောတူခဲ့သည်။ ပြည်သူများ ၎င်းတို့၏ ဘဝနှင့် အလုပ်အပေါ် တန်ဖိုး ထားသည့် စိတ်နေစိတ်ထားသို့ ပြောင်းလဲပေးရန် အထူးသဖြင့် အရေးကြီး ကြောင်း သိမြင်ခံစားမိသည်။ ထိုသို့ လုပ်ဆောင်ပေးရန်အတွက် နာမည် ကျော်များထံမှ ကူညီပံ့ပိုးမှုများ မိမိတို့ ရရှိနိုင်သည်။<br><br>**အလုပ်အကိုင် ဖန်တီးပေးခြင်း/ဝင်ငွေရအောင် ဆောင်ရွက်ပေးခြင်း**သည် ဒုတိယ ဦးစားပေးဖြစ်သည်။ မြန်မာ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင် ပေးနိုင်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်သင့် သည်။ လုပ်ခလစာများမှာ နိုင်ငံတကာ စံနှုန်းများအတိုင်း ဖြစ်သင့်သည်။ | |

| | | |
|---|---|---|
| | ရေရှည်အဆင့်ကို ကြည့်လိုက်သည့်အခါ ပညာရှင် အားလုံးနီးပါးက စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်ပြုလုပ်ရန် လိုကြောင်း ဖော်ပြကြသည်။ သို့ရာတွင် **အသက်မွေးဝမ်းကျောင်းလုပ်ငန်း အာမခံချက်ရှိမှု** ကို ဦးစားပေး အနေဖြင့် အကြံပြု ရွေးချယ်လိုပါသည်။<br><br>ဥပမာအားဖြင့် မိမိတို့တွင် တောင်သူများ ရှိသော်လည်း စိုက်ပျိုးရန် လုံလောက်သည့် မြေနေရာ မရှိပါက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် သည့်တိုင်အောင် ထိုတောင်သူများ၏ ဘဝမှာ အာမခံချက် ရှိမည် မဟုတ် ချေ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အာမခံချက်ရှိရေးသည် တောင်သူ များအတွက်သာ မကဘဲ အလုပ်သမားအားလုံးအတွက် လိုအပ်သည်။<br><br>အသက်မွေးဝမ်းကျောင်းလုပ်ငန်း အာမခံချက် ရှိစေရေးအတွက် စွမ်းဆောင် ရည် တည်ဆောက်ရန်လိုအပ်သည်။ ဈေးကွက်များ ရရှိရန်နှင့် ငွေကြေးရရှိ ရန် လိုအပ်သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ရန် လိုအပ်သည်။<br><br>အခြား ဦးစားပေး အရာတစ်ခုမှာ **လူမှုရေး ဝန်ဆောင်မှုများ** ဖြစ်သည်။ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး နှင့် အခြေခံအဆောက်အအုံများ တိုးတက်အောင် ဆောင်ရွက်ပေး ရန် လိုအပ်သည်။ | |